# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်လွှတ်တော်

## ၂၀၂၀ ပြည့်နှစ်၊
## ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ

( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၃။ )

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက်များ | ၁၁ |
| ၃။ | အခန်း (၃) | စည်ပင်သာယာရေးနယ်နိမိတ်များ သတ်မှတ်ခြင်း | ၁၃ |
| ၄။ | အခန်း (၄) | စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၁၄ |
| ၅။ | အခန်း (၅) | ဝန်ထမ်းဖွဲ့စည်းပုံ | ၂၃ |
| ၆။ | အခန်း (၆) | ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ | ၂၅ |
| ၇။ | အခန်း (၇) | ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နှုတ်ထွက်ခြင်းနှင့်အရေးယူခြင်း | ၃၀ |
| ၈။ | အခန်း (၈) | စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ | ၃၅ |
| ၉။ | အခန်း (၉) | စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၄၄ |
| ၁၀။ | အခန်း (၁၀) | မြို့ပြစီမံကိန်းများရေးဆွဲခြင်း၊ ဇုန်များ သတ်မှတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း | ၅၂ |
| ၁၁။ | အခန်း (၁၁) | ဘဏ္ဍာရေး | ၅၇ |
| ၁၂။ | အခန်း (၁၂) | အခွန်စည်းကြပ်ကောက်ခံခြင်း | ၆၂ |
| ၁၃။ | အခန်း (၁၃) | အနေးယာဉ်နှင့်အခြားယာဉ်များ စီမံခန့်ခွဲခြင်း | ၆၆ |
| ၁၄။ | အခန်း (၁၄) | ဈေးများစီမံခန့်ခွဲခြင်း | ၆၈ |
| ၁၅။ | အခန်း (၁၅) | ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ် ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်း | ၇၀ |
| ၁၆။ | အခန်း (၁၆) | ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၇၂ |
| ၁၇။ | အခန်း (၁၇) | တိရစ္ဆာန်များသတ်ဖြတ်မှုစီမံခန့်ခွဲခြင်း | ၇၇ |
| ၁၈။ | အခန်း (၁၈) | ကြီးကြပ်ခြင်း | ၇၉ |
| ၁၉။ | အခန်း (၁၉) | တားမြစ်ချက်များ | ၈၁ |
| ၂၀။ | အခန်း (၂၀) | အယူခံဝင်ခြင်း | ၉၄ |
| ၂၁။ | အခန်း (၂၁) | စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း | ၉၅ |
| ၂၂။ | အခန်း (၂၂) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀၆ |
| ၂၃။ | အခန်း (၂၃) | အထွေထွေ | ၁၀၇ |

# ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ

## ( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၃။ )

## ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

## ( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက် )

ကယားပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်၊

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

( ဂ ) **ဝန်ကြီးဌာန** ဆိုသည်မှာ စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနကို ဆိုသည်၊



(ဃ) **ဝန်ကြီး** ဆိုသည်မှာ စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

( င ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

( စ ) **ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

( ဇ ) **ပြည်နယ်အမှုဆောင်အရာရှိ** ဆိုသည်မှာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

( ဈ) **မြို့နယ်အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(ည) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

( ဋ ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေး အတွက် ဖွဲ့စည်းသောကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

( ဌ ) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်း စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာပြီး ဖွဲ့စည်းထားသည့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် တစ်ခုလုံးကို ဆိုသည်၊

( ဍ ) **မြို့စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ မြို့အဖြစ် သတ်မှတ်ကြေညာ ထားသော ဒေသအတွင်း မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုသည်၊

( ဎ ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်အကောက်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အကောက်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေတို့လည်းပါဝင်သည်၊



(ဏ) **ဝန်ဆောင်ခွန်** ဆိုသည်မှာ ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန် စသည့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကောက်ခံ သည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီး ဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ် သော အခွန်များလည်းပါဝင်သည်၊

(တ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရခွင့်ပြုသော လုပ်ငန်းတစ်ရပ်ရပ်အတွက် လုပ်ကိုင်ဆောင်ရွက် နိုင်ရန် ကော်မတီက စည်းကမ်းချက်များထားရှိလျက် အခွန်ငွေပေးဆောင်စေပြီး ထုတ်ပေးသော လိုင်စင် တစ်မျိုးမျိုးကို ဆိုသည်၊

(ထ) **လမ်း** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ လမ်းမကြီး၊ ဖို့မြေလမ်း၊ လမ်းငယ်၊ လမ်းသွယ်၊ လမ်းကြား၊ လူသွားစင်္ကြံလမ်း၊ နောက်ဖေး လမ်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် လမ်းနှင့် ဆက်စပ်လျက်ရှိသော နယ်နိမိတ်နှင့် လမ်းဘေး ရေမြောင်းတို့ပါဝင်သည်၊

( ဒ ) **အဆောက်အအုံ** ဆိုသည်မှာ ယာယီဖြစ်စေ၊ အမြဲတမ်း ဖြစ်စေ ဆောက်လုပ်ရေးပစ္စည်းဖြင့် တည်ဆောက် ထားသည့် အဆောက်အဦ၊ အိမ်၊ တိုက်၊ တဲ၊ အမိုးနှင့် ယင်းတို့၏အစိတ်အပိုင်းကို ဆိုသည်၊

( ဓ ) **မြေ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏အစိတ်အပိုင်းကို ဆိုသည်၊

( န ) **ဈေး** ဆိုသည်မှာ သားငါး၊ သစ်သီးဝလံ၊ ဟင်းသီး၊ ဟင်းရွက်၊ တိရစ္ဆာန်၊ စားဖွယ်၊ သောက်ဖွယ်၊ စားကုန်၊ သောက်ကုန် သို့မဟုတ် အခြားလူသုံးကုန်ပစ္စည်းများကို လူများစုဝေးရောင်းချရန် သတ်မှတ်ထားသော မြေနေရာ၊ အဆောက်အအုံကို ဆိုသည်၊

( ပ ) **စည်ပင်သာယာဈေး** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သို့မဟုတ် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ကုန်စည်အမျိုးမျိုးရောင်းချရန်အတွက် အဖွဲ့ကဖြစ်စေ၊ အဖွဲ့၏ကြီးကြပ်မှုဖြင့်ဖြစ်စေ တည်ထောင်ပေးသည့် အဆောက်အအုံများ၊ ဈေးရုံများ၊ ဆိုင်ခန်းများ၊ ဆိုင်နေရာများနှင့် ယင်းတို့ကို အထောက်အကူပြုသည့် အဆောက်အအုံများ ပါဝင်သော ဈေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသည့် နေရာကို ဆိုသည်၊



( ဖ ) **ကိုယ်ပိုင်ဈေး** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကုန်စည်အမျိုးမျိုးရောင်းဝယ်ဖောက်ကားရာ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ကိုရယူ၍ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အစုစပ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဈေးအဖြစ်တည်ထောင်ဖွင့်လှစ်ထားသော ဆိုင်ခန်း၊ ဆိုင်နေရာစသည့် အဆောက်အဦများပါဝင်သော နေရာ၊ ဌာန၊ ပရဝဏ်တို့ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် စည်ပင်သာယာရေးအဖွဲ့က ဈေးအဆင့်သတ်မှတ်ပြီး ကုန်ပဒေသာဆိုင်၊ ကုန်တိုက်များနှင့် ဘုရားပရဝဏ်အတွင်း၌ရှိသော ဈေးများလည်းပါဝင်သည်၊

( ဗ ) **ဆိုင်** ဆိုသည်မှာ မိမိပိုင်ဆိုင်သော နေအိမ်၊ အဆောက်အအုံ၊ ခြံဝင်းအတွင်း၌ဖြစ်စေ၊ ငှားရမ်းထားသောအဆောက်အအုံ၊ ခြံဝင်းအတွင်း၌ဖြစ်စေ၊ အများပြည်သူ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စီးပွားဖြစ်အလို့ငှာ ရောင်းချသောနေရာကို ဆိုသည်၊

(ဘ) **စားသောက်ကုန်လုပ်ငန်း** ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းများမှအပ လူတို့ စားသောက်နိုင်သော စားသောက်ဖွယ်ရာများနှင့် ယင်းတို့တွင်ပါရှိသော ပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စားသောက်ကုန်ဟု သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်၊

(မ) **အနေးယာဉ်** ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်း သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန် အင်အားကိုအသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်၊

(ယ) **အနေးယာဉ်မောင်းသူ** ဆိုသည်မှာ အနေးယာဉ်ကို နှင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူကို ဆိုသည်၊



(ရ) **အခြားယာဉ်** ဆိုသည်မှာ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင် ရယူထားသည့်ယာဉ်များမှအပ ခရီးသည်၊ ကုန်စည်များကို အခကြေးငွေရယူ၍ သယ်ယူပို့ဆောင်ခြင်း၊ အငှားလိုက်ခြင်း ဆောင်ရွက်သည့် နှစ်ဘီးအထက် စက်အင်အားသုံး ဘီးတပ်ယာဉ်ကို ဆိုသည်၊

(လ) **အခြားယာဉ်မောင်းသူ** ဆိုသည်မှာ ပုဒ်မခွဲ (ရ)ပါ ယာဉ်အား မောင်းနှင်သူကို ဆိုသည်၊

(ဝ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်းပါဝင်သည်၊

(သ) **ကျူးကျော်ခြင်း** ဆိုသည်မှာ စည်ပင်သာယာရေး အဖွဲ့ပိုင် သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော နယ်နိမိတ်၊ မြေ၊ အဆောက်အအုံ၊ ဥပစာများပေါ်တွင် တစ်ဦးတစ်ယောက်က ကျူးကျော်ခြင်း၊ တစ်ဦးတစ်ယောက်၏အစီအမံဖြင့် ကျူးကျော်စေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အထက်ပါဆောင်ရွက်ချက်များကို အားပေးခြင်း၊ အားထုတ်ခြင်းတို့လည်းပါဝင်သည်၊

(ဟ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရ လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရ လည်းကောင်း သဘာဝပတ်ဝန်းကျင်နှင့် လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းဟု သတ်မှတ်သောလုပ်ငန်းများလည်း ပါဝင်သည်၊



( ဠ ) **အခြားပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသော ပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိကတစ်ဦးခြင်းဖြစ်စေ၊ အစုစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီတည်ထောင်၍ဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် ကိုယ်ပိုင်အကျိုးအမြတ်ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သော အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်အတွင်း စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့များဖွဲ့စည်းခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်းနှင့် သတ်မှတ်သော အခွန်အကောက် စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်စေရန်၊

( ခ ) စည်ပင်သာယာရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု ပိုမိုဖြစ်ထွန်းလာစေရန်၊

( ဂ ) စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် အကျိုးသက်ရောက်မှု ပိုမိုအားကောင်းလာစေရန်၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများမှ အခွန်အပြည့်အဝရရှိရန်နှင့် ရရှိလာသောဝင်ငွေအားလုံးကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊



( င ) စည်ပင်သာယာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြလူနေမှုစနစ်မြင့်မားလာစေရန်၊

( စ ) စည်ပင်သာယာရေးလုပ်ငန်းများမှ ရရှိလာသောဝင်ငွေကို သက်ဆိုင်ရာမြို့၊ ရွာများ၏စည်ပင်သာယာရေးနှင့် သက်ဆိုင်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီသုံးစွဲရန်။

## အခန်း (၃)

## စည်ပင်သာယာရေးနယ်နိမိတ်များ သတ်မှတ်ခြင်း

၄။ (က) ဝန်ကြီးသည် မြို့နယ်ကော်မတီမှ တင်ပြလာသော စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ချက်များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်အတွင်း စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုဒ်မ ၂ ပုဒ်မခွဲ (ဌ)နှင့် (ဍ)ပါအတိုင်း သတ်မှတ်ရမည်၊

(ခ) မြို့နယ်ကော်မတီသည်-

(၁) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသခံလူထု၏ သဘောထားဆန္ဒ ဦးစွာရယူရမည်၊

(၂) မြို့ပြဧရိယာနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် စည်ပင်သာယာရေးနယ်နိမိတ်များမှအပ ကျန်နယ်မြေတစ်စိတ်တစ်ဒေသကို စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာ ဒေသခံလူထု၏ သဘောထားဆန္ဒ ရယူဆောင်ရွက်နိုင်သည်။



## အခန်း (၄)

## စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကိုဖွဲ့စည်းရာတွင် ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးနှင့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူးတို့သည် အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ပြည်နယ်အမှုဆောင်အရာရှိအား အတွင်းရေးမှူးအဖြစ် လည်းကောင်း သတ်မှတ်ဖွဲ့စည်းရမည်။

၆။ အစိုးရအဖွဲ့သည် မြို့နယ်ကော်မတီကို ဖွဲ့စည်းရာတွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သော နိုင်ငံသား (၄)ဦးနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း (၃)ဦးအပါအဝင် ကော်မတီဝင် (၇)ဦး ဖြင့် ဖွဲ့စည်းရမည်။ ယင်းကော်မတီအားဖွဲ့စည်းပြီး လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် သင့်လျော်သောပညာရှင်များဖြင့် တိုးမြှင့် ဖွဲ့စည်းနိုင်သည်။

၇။ (က) နိုင်ငံ့ဝန်ထမ်းမဟုတ်သော နိုင်ငံသား (၄)ဦးသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) အသက် (၂၅)နှစ်ပြည့်ပြီးသူ၊

(၂) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသူ၊

(၃) သက်ဆိုင်ရာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အနည်းဆုံး (၅)နှစ်နေထိုင်လျက်ရှိသူ၊

**ခြွင်းချက်။** (၁) နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်၊

(၂) အငြိမ်းစားဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်အတွင်း ရွေးချယ် တင်မြှောက်သည့်နေ့မတိုင်မီ တစ်ဆက်တစ်စပ်တည်း အနည်းဆုံး (၂)နှစ် နေထိုင်ခဲ့သူဖြစ်ရမည်။

(၄) အများပြည်သူ ယုံကြည်လေးစားခြင်းခံရသူ၊

(၅) ကျန်းမာရေးကောင်းမွန်သူ၊

(၆) တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူ၊



(၇) ကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိသားစုဝင်တစ်ဦးဦးကသော်လည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များကို ဆွဲဝယ်လုပ်ကိုင်နေသူ မဟုတ်ခြင်း။

( ခ ) အောက်ပါ ပုဂ္ဂိုလ်များသည် ကော်မတီဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ-

(၁) ပြစ်မှုတစ်ခုခုကိုကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ၊

(၂) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(၃) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(၄) သာသနာ့ဝန်ထမ်းဖြစ်သူ၊

(၅) နိုင်ငံ့ဝန်ထမ်းဖြစ်သူ၊

**ခြွင်းချက်။** ယင်းစကားရပ်သည် နိုင်ငံ့ဝန်ထမ်း အဖြစ်က အငြိမ်းစားယူပြီးသူနှင့် မသက်ဆိုင်စေရ။

(၆) စည်ပင်သာယာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အမည်ပျက်စာရင်း ကြေညာထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်ဖြစ်သူ။

(ဂ) ကော်မတီဝင်အဖြစ် ရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိစေရ။

၈။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၇ ပါ မြို့နယ်ကော်မတီဝင် (၄)ဦးကို အများပြည်သူ၏သဘောဆန္ဒဖြင့် ရွေးချယ်တင်မြှောက်နိုင်ရန်-

(က) မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုများက မိမိနေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သို့မဟုတ် မဲဆန္ဒနယ်၏ မြို့နယ် ကော်မတီဝင်လောင်းတစ်ဦးကျစီ ရွေးချယ်တင်မြှောက် နိုင်ရန် ရွေးချယ်တင်မြှောက်ပွဲကျင်းပခြင်းကို ကြီးကြပ် ဆောင်ရွက်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု (၄)ခုအောက် လျော့နည်းသည့် မြို့နယ်စည်ပင် သာယာရေးနယ်နိမိတ်ဖြစ်လျှင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေအချိုးညီမျှသည့် မဲဆန္ဒနယ် (၄)ခု သတ်မှတ် ပေးရမည်၊



(ခ) ပုဒ်မခွဲ (က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မြို့နယ်ကော်မတီဝင်လောင်းအမည်စာရင်းကို စစ်ဆေး အတည်ပြု၍ မှတ်ပုံတင်ရမည်၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က စစ်ဆေးအတည်ပြုသည့် ပုဒ်မခွဲ (ခ)အရ ဆန္ဒမဲရရှိသူ (၄)ဦးသည် မြို့နယ်ကော်မတီဝင် အဖြစ် သတ်မှတ်ခြင်းခံရသည့်ပုဂ္ဂိုလ်များဖြစ်ပြီး ယင်း (၄)ဦးအနက် (၁)ဦးအား ဥက္ကဋ္ဌအဖြစ်ရွေးချယ်ရမည်၊

(ဃ) ဥက္ကဋ္ဌအဖြစ်ရွေးချယ်ရာတွင် သက်ဆိုင်ရာ စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး များနှင့် ကော်မတီဝင် (၇)ဦးမှ လျှို့ဝှက်ဆန္ဒမဲပေးခြင်း ဖြင့်ရွေးချယ်ပြီး ဆန္ဒမဲအများဆုံးရရှိသူသည် ယင်း မြို့နယ်ကော်မတီ၏ဥက္ကဋ္ဌ ဖြစ်သည်၊

(င) ပုဒ်မခွဲ (ဂ) နှင့် (ဃ)အရ မဲဆန္ဒရှင်ပြည်သူလူထုက အဆင့်ဆင့်ရွေးချယ်တင်မြှောက်သည့် အမည်စာရင်း ကို အစိုးရအဖွဲ့ထံတင်ပြရမည်။

၉။ အစိုးရအဖွဲ့သည် ပုဒ်မ ၈ ပုဒ်မခွဲ (င)အရ ကြီးကြပ်ရေးအဖွဲ့က အစီရင်ခံတင်ပြသည့် မြို့နယ်ကော်မတီဝင်များ၏ အမည်စာရင်းကို အတည်ပြုပေးရမည်။

၁၀။ အိမ်ထောင်စုတစ်စုလျှင် မိမိနေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သို့မဟုတ် မဲဆန္ဒနယ်အတွက် ဆန္ဒမဲတစ်ခုသာ ပေးပိုင်ခွင့်ရှိသည်။

၁၁။ နိုင်ငံ့ဝန်ထမ်း (၃)ဦးအနက် မြို့နယ်အမှုဆောင်အရာရှိသည် ရာထူးအလျောက် မြို့နယ်ကော်မတီ၏အတွင်းရေးမှူးဖြစ်ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒုတိယဦးစီးမှူးနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြို့နယ်ဦးစီးမှူး တို့သည် အဖွဲ့ဝင်များဖြစ်ရမည်။

၁၂။ (က) ကော်မတီ၏သက်တမ်းသည် အစိုးရအဖွဲ့၏သက်တမ်း နှင့်အညီ ဖြစ်သည်၊

(ခ) အစိုးရအဖွဲ့သည် အစိုးရအဖွဲ့တာဝန် လွှဲပြောင်းရယူသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ကော်မတီများကို ပြန်လည်ဖွဲ့စည်းရမည်၊

(ဂ) အမှုဆောင်အရာရှိသည် ပုဒ်မခွဲ (ခ)အရ ကော်မတီ ပြန်လည်ဖွဲ့စည်းစဉ်ကာလအတွင်း ကော်မတီ၏လုပ်ငန်းတာဝန်များကို ယာယီတာဝန်ယူဆောင်ရွက်ရမည်၊

(ဃ) ကော်မတီဝင်သည် ကော်မတီဝင်သက်တမ်း တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရ။



၁၃။ ပုဒ်မ ၉ ပါ ကော်မတီဝင်တစ်ဦးဦးလစ်လပ်၍ ယင်းနေရာတွင် ဖြည့်စွက်ရွေးချယ်ခံရသူ၏သက်တမ်းသည် အစိုးရအဖွဲ့၏ ကျန်ရှိသော သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်သည်။

၁၄။ မြို့နယ်အမှုဆောင်အရာရှိသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ)အရ ကော်မတီ၏လုပ်ငန်းတာဝန်များကို ယာယီတာဝန်ယူစဉ်ကာလအတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို တာဝန်ခံရမည့်အပြင် ပြန်လည် ဖွဲ့စည်းသည့်ကော်မတီထံ ငွေကြေးစာရင်းဇယားများကို လုပ်ထုံးလုပ်နည်း နှင့်အညီ စနစ်တကျလွှဲပြောင်းပေးရမည်။

၁၅။ အစိုးရအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များအား ရွေးချယ်ရာတွင် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကရွေးချယ်သည့် မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအမှူး (၁)ဦးနှင့် သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများကအဆိုပြုသော မြို့မိမြို့ဖကိုယ်စားလှယ် (၂)ဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်း၍ တာဝန် နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၁၆။ ပုဒ်မ ၈ အရ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်တင်မြှောက်ရာတွင်-

(က) မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုတစ်စုသည် မိမိနေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သို့မဟုတ် မဲဆန္ဒနယ်၏ မြို့နယ်ကောင်မတီဝင်လောင်း (၁)ဦးအတွက် ဆန္ဒမဲပေး ရွေးချယ်ပိုင်ခွင့်ရှိသည်၊

(ခ) အိမ်ထောင်စုကိုယ်စား ဆန္ဒမဲပေးသူသည်-

(၁) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(၂) မြန်မာနိုင်ငံသားဖြစ်ရမည်၊

(၃) ယင်းအိမ်ထောင်စုဝင်ဖြစ်ရမည်။

(ဂ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

၁၇။ ကော်မတီဝင်အဖြစ် ဝင်ရောက်ရွေးချယ်တင်မြှောက်ခံလိုသည့် နိုင်ငံသားဖြစ်သူ မည်သူမဆို ပုဒ်မ ၇ ပါ အရည်အချင်းနှင့်ကိုက်ညီပါက သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံ သတ်မှတ်နည်းလမ်းနှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ လျှောက်ထားလာသည့် အမည်စာရင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ခြင်း၊ စိစစ်ခြင်းများပြုပြီးပါက အစိုးရအဖွဲ့ထံတင်ပြရမည်။



၁၉။ ကြီးကြပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) ရွေးချယ်တင်မြှောက်မည့် နေ့ရက်နှင့် မဲဆန္ဒရှင် အရေအတွက်ပေါ်မူတည်၍ အချိုးညီစွာ မဲဆန္ဒနယ်များ ကို သတ်မှတ်ခြင်း၊

(ခ) ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ကော်မတီဝင်လောင်း အမည်စာရင်းများ၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူစာရင်းများ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရွေးချယ်တင်မြှောက်ခြင်း ရလဒ်များကို ထုတ်ပြန် ကြေညာခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်နယ် အတွင်းရှိ မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များ သို့မဟုတ် မြို့များကိုစုစည်း၍ ဖြစ်စေ စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

## အခန်း (၅)

## ဝန်ထမ်းဖွဲ့စည်းပုံ

၂၁။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံ၍သော် လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော် လည်းကောင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့်ဖွဲ့စည်းပုံကို သတ်မှတ်ချက်နှင့်အညီ ဝန်ထမ်းအရေအတွက်ကို ဖွဲ့စည်းပုံအတွင်းခန့်ထားခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ လျှော့ချခြင်း ပြုနိုင်သည်။ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့် ဖွဲ့စည်းပုံကိုရေးဆွဲရာ၌ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ရေးဆွဲဖွဲ့စည်းရမည်။ လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ဝန်ထမ်းရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အမှုဆောင်အရာရှိနှင့် မြို့နယ်အမှုဆောင်အရာရှိတို့အား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၂၃။ ဝန်ကြီးဌာနသည် စည်းမျဉ်း၊ စည်းကမ်းဖောက်ဖျက်ကျူးလွန်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအား သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အရေးယူရမည်။



၂၄။ အစိုးရအဖွဲ့သည် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ဖြစ်စေ ညှိနှိုင်း၍ စည်ပင်သာယာရေးဝန်ထမ်းများကို ရာထူးအလိုက်လွှဲပြောင်းရယူခြင်း၊ လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်သည်၊

( ခ ) အငြိမ်းစားဝန်ထမ်းများ ခံစားခွင့်ရှိသည့် ပင်စင်နှင့် စပ်လျဉ်း၍ အခြားသော နိုင်ငံ့ဝန်ထမ်းများနည်းတူ ၎င်းတို့နေထိုင်ရာအရပ်တွင် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခံစားခွင့် ရှိစေရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၅။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဝင်များအား စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော သင်တန်းတက်ရောက်စေခြင်း၊ လေ့လာစေခြင်း၊ ဆွေးနွေးပွဲတက်ရောက်စေခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုနိုင်သည်။

၂၆။ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အခကြေးငွေဖြင့် ငှားရမ်းတာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်တို့၏ ခံစားခွင့်ကို နည်းဥပဒေပြဋ္ဌာန်း၍ ခွင့်ပြုနိုင်သည်။

## အခန်း (၆)

## ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များ

၂၇။ ပြည်နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များပေးခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်း၊

( ခ ) မြို့နယ်ကော်မတီများမှ တင်ပြလာသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကိုစိစစ်အကြံပြု၍ သဘောထားမှတ်ချက်ပေးခြင်း၊

( ဂ ) ပြည်နယ်အဆင့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းလိုအပ်ချက်အရ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အဆင့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊



( င ) ပြည်နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ အစိုးရအဖွဲ့ထံတင်ပြခြင်း၊ အတည်ပြုချက်ရယူခြင်း၊

( စ ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်နိုင်ရန်တင်ပြခြင်းအပေါ် အကြံဉာဏ်များပေးခြင်း၊

(ဆ) ဝန်ထမ်းရေးရာများနှင့်ဘဏ္ဍာငွေကို စနစ်တကျ စီမံခန့်ခွဲခြင်း၊

( ဇ ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိခြင်း၊

( ဈ) စည်ပင်သာယာရေးလုပ်ငန်းနှင့် သက်ဆိုင်သော တင်ဒါခေါ်ယူခြင်းနှင့် လေလံတင်ရောင်းချခြင်းကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊

(ည) ဤဥပဒေအရသော် လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၂၈။ ပြည်နယ်ကော်မတီသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၈။ မြို့နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သောလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ အခါအားလျော်စွာစစ်ဆေးခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေးဆွဲတင်ပြလာသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြည်နယ်ကော်မတီထံတင်ပြခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ ပြည်နယ်ကော်မတီထံတင်ပြခြင်း၊



(စ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီ တိုးတက်သည့်နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါကသက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် သက်ဆိုင်ရာ ပြည်သူလူထုနှင့် (၃)လတစ်ကြိမ် တွေ့ဆုံညှိနှိုင်းခြင်း၊

(ဈ) ပြည်နယ်ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိခြင်း၊

(ည) စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်နယ်ကော်မတီ၏ခွင့်ပြုချက်ဖြင့် တင်ဒါခေါ်ယူခြင်း၊ လေလံတင်ရောင်းချခြင်းနှင့် အကျိုးတူဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေအရသော် လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း ပေးအပ်သောတာဝန်များကိုထမ်းဆောင်ခြင်း။

၃၀။ မြို့နယ်ကော်မတီသည်-

(က) ပြည်တွင်းပြည်ပ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ ပြည်နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သည်၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃၁။ မြို့နယ်ကော်မတီသည် ဒေသခံလူထု၏ သဘောထားရယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများကို အမည်သတ်မှတ်နိုင်သည်။

၃၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားခံစားခွင့်များကို ရပိုင်ခွင့်ရှိရမည်။



## အခန်း (၇)

## ကော်မတီဝင်အဖြစ်မှရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့်အရေးယူခြင်း

၃၃။ ကော်မတီဝင်တစ်ဦးဦးသည် မိမိဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ကော်မတီမှတစ်ဆင့်ဝန်ကြီးဌာနသို့ စာဖြင့်ပေးပို့လျှောက်ထားရမည်။ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယင်းကိစ္စကိုသဘောတူကြောင်းပြန်ကြားခဲ့လျှင် ၎င်းကော်မတီဝင်သည် ရာထူးမှနုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ကော်မတီဝင်တစ်ဦးဦးသည် အောက်ပါကိစ္စရပ်များပေါ်ပေါက်လျှင် ထိုကော်မတီဝင်၏နေရာသည် လစ်လပ်သည်ဟု မှတ်ယူရမည်-

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ဆန္ဒအလျောက် ကော်မတီဝင်အဖြစ်မှနုတ်ထွက်ခွင့်ရရှိခြင်း၊

(ဂ) ကော်မတီဝင်အဖြစ်မှ ရပ်စဲခံရခြင်း၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများကို ဖောက်ဖျက်ခြင်း၊ ကော်မတီအစည်းအဝေးများကို သုံးကြိမ်ဆက်တိုက် ခွင့်မဲ့ပျက်ကွက်ခြင်း၊

(င) သက်ဆိုင်ရာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆက်လက် နေထိုင်ခြင်းမရှိဘဲ အခြားဒေသသို့ ရွှေ့ပြောင်းခြင်း၊

(စ) ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ အရည်အချင်းပျက်ယွင်းခြင်း။

၃၅။ ကော်မတီဝင်နေရာလစ်လပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကော်မတီဥက္ကဋ္ဌ လစ်လပ်သည့်အခါ ကော်မတီ၏ ဆုံးဖြတ်ချက်အရ အတွင်းရေးမှူးကဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယာယီဥက္ကဋ္ဌအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်စေရမည်၊

(ခ) ကော်မတီအတွင်းရေးမှူး လစ်လပ်သည့်အခါ အမှုဆောင်အရာရှိတာဝန် ယာယီတာဝန်ပေးအပ်ခြင်း ခံရသူကို ယာယီအတွင်းရေးမှူးအဖြစ် ထမ်းဆောင်စေရမည်၊

(ဂ) လစ်လပ်သည့်ကော်မတီဝင်ကို ပုဒ်မ ၈ နှင့်အညီ ဆောလျင်စွာ ပြန်လည်ရွေးချယ်ရမည်။

၃၆။ အစိုးရအဖွဲ့သည်-

(က) ကော်မတီဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ၎င်းအားအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ကြောင်းပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးစေပြီး ပြစ်မှုထင်ရှားပါက ၎င်းကော်မတီဝင်အား တာဝန်မှထုတ်ပယ်သည့်အမိန့် ချမှတ်နိုင်သည့်အပြင် တည်ဆဲဥပဒေများအရ လိုအပ်သလိုဆက်လက်အရေးယူဆောင်ရွက်ရမည်၊



(ခ) ကော်မတီတစ်ရပ်လုံးက တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့အား အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ကြောင်း ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးစေပြီး ပြစ်မှုထင်ရှားပါက ၎င်းကော်မတီတစ်ရပ်လုံးအား ဖျက်သိမ်းသည့်အမိန့် ချမှတ်နိုင်သည့်အပြင် တည်ဆဲဥပဒေများအရ လိုအပ်သလိုဆက်လက်အရေးယူဆောင်ရွက်ရမည်၊

(ဂ) ကော်မတီဝင်တစ်ဦးဦးကဖြစ်စေ၊ ကော်မတီတစ်ရပ်လုံးကဖြစ်စေ တာဝန်ထမ်းဆောင်သည့်ကာလအတွင်း တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍သော်လည်းကောင်း၊ ပေါ့လျော့၍သော် လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်၍သော် လည်းကောင်း ဆောင်ရွက်မှုကြောင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘဏ္ဍာငွေနှင့် ပစ္စည်းများဆုံးရှုံးစေလျှင် ပေးလျော်ရန် တာဝန်ရှိစေရမည့်အပြင် ဆုံးရှုံးမှုအတွက် သတ်မှတ်သည့် ပေးလျော်မှုကို ဆုံးဖြတ်ရမည်။

၃၇။ ပုဒ်မ ၃၆ အရ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီတစ်ရပ်လုံးကိုဖြစ်စေ အရေးယူလျှင် ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံးအား ထုချေရှင်းလင်းရန် အခွင့်အရေးမပေးဘဲ ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံး၏ အကျိုးကို ထိခိုက်နစ်နာစေသော မည်သည့်အမိန့်တစ်ရပ်ရပ်မျှ ချမှတ်ခြင်းမပြုရ။

၃၈။ (က) မူလမဲဆန္ဒရှင်သည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ကော်မတီဝင်တစ်ဦးဦးကို အောက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၂) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၃) ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ အရည်အချင်း ပျက်ယွင်းခြင်း၊

(၄) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

(ခ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး လေးပုံတစ်ပုံက တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ကော်မတီဝင်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရမည်၊

(ဂ) ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး ရမည်၊

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ ကော်မတီဝင်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊



(င) ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် ကော်မတီဝင်အဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့် ကြောင်းသဘောရှိလျှင် ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေ နှင့်အညီ ယင်းကော်မတီဝင်အား တာဝန်မှရပ်စဲကြောင်း အစိုးရအဖွဲ့ထံတင်ပြရမည်၊

(စ) စွပ်စွဲခံရသည့် ကော်မတီဝင်သည် ပုဒ်မခွဲ (င)ပါ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက အစိုးရအဖွဲ့ထံ ရက်ပေါင်း ၆၀ အတွင်း အယူခံခွင့်ရှိသည်၊

(ဆ) အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၈)

## စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ

၃၉။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များ၏ အောက်ပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်-

(က) မြို့ပြဆိုင်ရာစီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) သောက်သုံးရေ ပေးဝေရေးလုပ်ငန်းများ ကြီးကြပ်ခြင်း၊

( ဂ ) သန့်ရှင်းရေးလုပ်ငန်းများ ကြီးကြပ်ခြင်း-

(၁) သန့်ရှင်းရေး၊ သာယာလှပရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၃) ရေဆိုးရေညစ် စွန့်ပစ်ခြင်းနှင့် အခြားသော သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊



(၄) မိလ္လာလုပ်ငန်းများဆောင်ရွက်ခြင်း၊ အများနှင့် သက်ဆိုင်သော နေရာများတွင် အဆင့်မြင့် သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ ဆောက်လုပ် ခွင့်ပြုခြင်း။

(ဃ) လမ်းမီး၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( င ) ဈေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများ စီမံခန့်ခွဲခြင်း-

(၁) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင် ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) ကိုယ်ပိုင်ဈေးများကို တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၃) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများကျင်းပခြင်းကို ကြီးကြပ်ခြင်း၊

(၄) ကျွဲ၊ နွားပွဲဈေးများကို တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၅) လမ်းဘေးဈေးဆိုင်များနှင့် ရွေ့လျားဈေးဆိုင် များကို ကြီးကြပ်ခြင်း၊

(၆) ယာယီဈေး၊ ပုံကျဈေးများကို ကြီးကြပ်ခြင်း။

( စ ) စားသောက်ဆိုင်၊ အဖျော်ယမကာဆိုင်နှင့် ဆိုင်များကို ကြီးကြပ်ခြင်း၊

(ဆ) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်နှင့် ကုန်လှောင်ရုံများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

( ဇ ) ပုဂ္ဂလိကပိုင် ရေသန့်လုပ်ငန်းများ၊ စားသောက်ကုန် လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊

( ဈ) စည်ပင်နယ်နိမိတ်အတွင်းရှိ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ၏ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ ကို ကြီးကြပ်ခြင်း၊

(ည) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများအား ကြီးကြပ်ခြင်း၊

( ဋ ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ကို ဆောင်ရွက်ခြင်း၊



( ဌ ) တိရစ္ဆာန်များမွေးမြူရန်ခွင့်ပြုခြင်း၊ သတ်ဖြတ်ခွင့်ပြုခြင်း နှင့်ကြီးကြပ်ခြင်း-

(၁) ခြေနှစ်ချောင်းတိရစ္ဆာန်များအား စားသုံးရန် သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၂) သားသတ်ရုံများ တည်ထောင်ခြင်း၊ ခြေလေး ချောင်း တိရစ္ဆာန်များအား စားသုံးရန် သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၃) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း။

( ဍ ) ကူးတို့လုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊

( ဎ ) အပေါင်ဆိုင်လုပ်ငန်းများအား ကြီးကြပ်ခြင်း၊

(ဏ) အနေးယာဉ်များနှင့်အခြားယာဉ်များကို စီမံခန့်ခွဲခြင်း၊

(တ) ယာဉ်နှင့်အနေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ ယာဉ်ရောင်းဝယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိကပိုင် ယာဉ်မောင်းသင် လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ယာဉ်နှင့်အနေးယာဉ်များပြုပြင်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊

(ထ) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို ကြီးကြပ်ခြင်း၊

( ဒ ) လမ်းနှင့်စပ်လျဉ်းသည့်လုပ်ငန်းများ စီမံခန့်ခွဲခြင်း-

(၁) လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(၃) လမ်းအမည်၊ လမ်းအမှတ် သတ်မှတ်ခြင်း။

( ဓ ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း -

(၁) စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊



(၂) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃) စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းခွင့်ပြုခြင်း၊

(၄) အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(၅) နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံ တင်ပြခြင်း။

( န ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေလွတ်မြေလပ်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံပိုင်အိမ်ရာဝင်းများတွင်ရှိသော နှစ်ရှည်သီးပင်များ၊ စားပင်များ၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို ထိန်းသိမ်းခြင်း၊

( ပ ) ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများနှင့် အဆောက်အအုံများ ဖျက်သိမ်းခြင်း၊ လိုအပ်ပါက သင့်လျော်သည့် အင်အားအသုံးပြု၍ ဖျက်သိမ်းဖယ်ရှားခြင်း၊

( ဖ ) အခန်းလိုက် ငှားရမ်းသော အဆောက်အအုံများ၊ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်သင်တန်းကျောင်းများ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်းများ၏ လုပ်ငန်းလိုင်စင်မှအပ စည်ပင်သာယာရေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

( ဗ ) ဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်းအား ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများ၏ မြေပေါ် သို့မဟုတ် မြေအောက်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများရှိ စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ခြင်း၊

( မ ) အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်စေမည့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လုပ်ငန်းများမှ ဆူညံသံများ၊ အနံ့ဆိုးဖြစ်ပေါ်စေသည့်ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊



(ယ) လေလွင့်သွားလာနေသော လူနှင့် တိရစ္ဆာန်များကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း-

(၁) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို သက်ဆိုင်ရာ ဌာနသို့အပ်နှံရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(၂) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း။

( ရ ) သုသာန်များနှင့်စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်ခြင်း-

(၁) သုသာန်များကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့်သင်္ဂြိုဟ်စက်များတည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊ အခြားနည်းအသုံးပြုစေခြင်း၊

(၃) သင်္ဂြိုဟ်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သလို ကြီးကြပ်ခြင်း။

(လ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ ကျန်းမာရေးစင်တာနှင့် အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်းနှင့် အများပြည်သူအကျိုးပြု အခြား စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

( ဝ ) အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးဌာနကအခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(သ) ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။



## အခန်း (၉)

## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၄၀။ မြို့နယ်ကော်မတီသည် မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အထပ်မြင့်အဆောက်အအုံများ၊ အများနှင့်သက်ဆိုင်သော အဆောက်အဦများနှင့် ပုဂ္ဂလိကအဆောက်အဦများဆောက်လုပ်ရာတွင် အရည်အသွေးပြည့်မီသော မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစနစ်များ ပြည့်စုံစွာထည့်သွင်းစေခြင်း၊

( ခ ) မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးသတ်ရေငုတ်များတပ်ဆင်ခြင်း၊

( ဂ ) မီးသတ်ကားများရေဖြည့်ရန်နေရာ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) မီးအသုံးပြုမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပြီး စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

( င ) မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်းဆောင်ရွက်နေသော အဖွဲ့အစည်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆောင်ရွက်စေခြင်း။

၄၁။ မြို့နယ်ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း၊ ဆောင်ရွက်စေခြင်း ပြုနိုင်သည်-

(က) ခွင့်ပြုချက်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင်ဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း ပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊



(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့် မညီညွတ်သော အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

(င) အဆောက်အအုံ၊ ဝန်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သုတ်စေခြင်း၊

(စ) ဝန်းခြံမခတ်သည့်မြေကို ဝန်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝန်းခြံကို ပြုပြင်စေခြင်း၊

(ဆ) မိမိခြံဝင်းအတွင်းနှင့် ခြံဝင်းဥပစာရှိအန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း။

၄၂။ ပုဒ်မ ၄၁ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ)တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှတောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှခုနှိမ်ခွင့်ရှိသည်။

၄၃။ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းများ၊ ဓါတ်အားပေးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ တံတားများပေါ်တွင်ဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်းဆိုင်ရာမြေကွက်များ၊ ပုဂ္ဂလိကပိုင်မြေကွက်များ သို့မဟုတ် တိုက်နံရံများ၊ အိမ်နံရံများ၊ ခြံစည်းရိုးများပေါ်တွင်ဖြစ်စေ၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲနေသောယာဉ်များတွင်ဖြစ်စေ၊ ကြော်ငြာဆိုင်းဘုတ်များစိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကြော်ငြာကပ်ခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးဆွဲခြင်းပြုလုပ်လိုသူအား ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၄။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊



(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ စွန့်ပစ်နိုင်ရန် မြေကိုပြုပြင်စေခြင်း၊ ကော်မတီ၏ညွှန်ကြားချက်နှင့်အညီ လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးဖော်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျ သန့်စင်ပြီးစွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိလျှင် ဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့် ပြုစေခြင်း၊

( ဇ ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကို ဖြတ်၍ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင်နစ်နာမှု ရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီကသတ်မှတ် သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း။

၄၅။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိ နေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့် အနံ့အသက်မကောင်းသော အရာဝတ္ထု များကိုစွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိ စေခြင်း၊

( ခ ) ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေး လုပ်ငန်းတို့ကိုအသုံးပြုခြင်းမှ ယာယီပိတ်ထားစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စေရန် ပြင်ဆင်စီမံဆောင်ရွက် စေ၍ ပြန်လည်ခွင့်ပြုခြင်း၊



( ဂ ) အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဘော်ဒါဆောင်၊ ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာ လုပ်ငန်းများကို သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်စေရန် ဆောင်ရွက် စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲများအတွက် အသုံးပြုသည့် မြေနေရာ၊ အဆောက်အအုံတို့ကိုသန့်ရှင်း၍ ကျန်းမာရေး နှင့်ညီညွတ်စေရန် လည်းကောင်း၊ မီးဘေးလုံခြုံရေး ရှိစေရန် လည်းကောင်း ဆောင်ရွက်စေခြင်း၊

( င ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံး မပြုစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၄၆။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သတ်မှတ်သည့် စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား အောက်ပါအတိုင်း ညွှန်ကြားနိုင်သည်-

(က) ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း များနှင့် အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သက်ဆိုင်ရာက သတ်မှတ်သည့် လမ်းကြောင်းအတိုင်းသာ မောင်းနှင် စေခြင်း၊

(ခ) သယ်ယူပို့ဆောင်သည့် မည်သည့်ယာဉ်အမျိုးအစားမဆို ပစ္စည်းများကိုလုံခြုံစွာဖုံးအုပ်၍ သယ်ဆောင်စေခြင်း၊

(ဂ) လမ်းများပေါ်သို့ပစ္စည်းများ လွင့်စင်၊ ယိုဖိတ်ကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ပြန်လည်သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းဆောင်ရွက်ထားစေခြင်း။

၄၇။ မြို့နယ်ကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့်အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည်-

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။



## အခန်း (၁၀)

## မြို့ပြစီမံကိန်းများရေးဆွဲခြင်း၊ ဇုန်များသတ်မှတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း

၄၈။ မြို့နယ်ကော်မတီသည်-

(က) ပြည်နယ်ကော်မတီမှတစ်ဆင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူရမည်၊

(ခ) မြို့ပြစီမံကိန်းများရေးဆွဲ၍ ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်ရမည်၊

(ဂ) လက်ရှိ မြို့နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ တိုးချဲ့မည့်နေရာဒေသအတွင်း၌ဖြစ်စေ မြို့ပြစီမံကိန်းများရေးဆွဲရန်အတွက် မြေပိုင်ဆိုင်မှုမူဝါဒများနှင့် မြေအသုံးချခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲရမည်၊

(ဃ) မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိသည့်နေရာများတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ စနစ်တကျ မြို့ကွက်ရိုက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းများပြုနိုင်သည်၊

(င) စည်ပင်သာယာပိုင်မြေများဖြစ်ကြောင်း အများပြည်သူများသိရှိစေရန် ကြော်ငြာများဖြင့် အသိပေးခြင်း၊ နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ခြံစည်းရိုးပင်များ စိုက်ပျိုးထားရှိခြင်း၊ သတ်မှတ်ထားသောနေရာများတွင် ထင်သာမြင်သာရှိအောင် တာဝန်ရှိသူများမှကြေညာခြင်း၊ ကျူးကျော်ခြင်းမပြုလုပ်နိုင်ရန်စောင့်ကြည့်ခြင်း၊ ကျူးကျော်မှုပြုလျှင်ပြုခြင်း တားဆီးဖယ်ရှားခြင်း၊ ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အဦများ၊ ကျူးကျော်ရပ်ကွက်များဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရမည်၊

(စ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာများရှိ လူနေအိမ်ခြေများနှင့် ပတ်ဝန်းကျင်အခြေအနေများကို လိုအပ်သလိုစစ်ဆေး၍ မြို့ပြအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၄၉။ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းကိစ္စများ လုပ်ကိုင်ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ မြို့နယ်ကော်မတီနှင့်ညှိနှိုင်းဆောင်ရွက်ရမည်-

(က) မြေအသုံးချခြင်း၊ အဆောက်အအုံ တည်ဆောက်ခြင်း၊ မြေပြုပြင်ခြင်း၊



(ခ) အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များတည်ထောင်ခြင်း၊ လုပ်ကိုင်ခြင်း၊

(ဂ) လမ်းနှင့်တံတား ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်မီးတိုင်များ၊ မြေပေါ်မြေအောက်ဆက်သွယ်ရေးကွန်ရက်များ၊ နန်းကြိုးများ၊ ပြွန်များနှင့် ပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ မြေအောက်ဥမင်လိုဏ်ခေါင်းများ ဆောက်လုပ်ခြင်း။

၅၀။ မြို့နယ်ကော်မတီသည် မြို့နယ်နိမိတ်အတွင်း ယာဉ်များရပ်နားရန်နေရာသတ်မှတ်ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်းတို့ကိုပြုရမည်။

၅၁။ မြို့နယ်ကော်မတီသည် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေရန် သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်း၍ ပြည်နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြို့၊ ရပ်ကွက်နှင့်ကျေးရွာများတွင် အခြေချနေထိုင်သင့်သည့် ပျမ်းမျှလူဦးရေကို သတ်မှတ်နိုင်သည်။

၅၂။ မြို့နယ်ကော်မတီသည် မြို့နယ်နိမိတ်အတွင်းရှိ မြို့ပြအမွေအနှစ်အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မူလလက်ရာမပျက် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်ရမည်။

၅၃။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့ပြစီမံကိန်းနှင့် မြေအသုံးချခြင်းဆိုင်ရာစီမံချက်များကို ရေးဆွဲ၍ ဇုန်နယ်မြေများ သတ်မှတ်ရမည်။

၅၄။ မြို့နယ်ကော်မတီသည် မြို့ပြစီမံကိန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများကို လိုအပ်သလိုဆောင်ရွက်ရမည်-

(က) လမ်းနှင့်တံတားများ တည်ဆောက်ခြင်း၊

(ခ) မိလ္လာပြွန်မြောင်းနှင့် မြေပြင်ပြွန်မြောင်း ဆောက်လုပ်ခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်း စသည်တို့အတွက် မြေပြုပြင်ရန်နှင့် ရေစီးရေလာကောင်းအောင် ပြုလုပ်ပေးခြင်း၊

(ဂ) ကော်မတီပိုင် အဆောက်အအုံ၊ လမ်း၊ စကြံ၊ ပန်းခြံနှင့် ဈေးများ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပန်းဥယျာဉ်၊ ပန်းခြံ၊ အားကစားကွင်း၊ ဈေး၊ အစိုးရရုံးဌာန၊ လမ်းမကြီးများနှင့် အနာဂတ်စီမံကိန်းများအတွက် မြေကွက်လပ်နေရာများထားရှိခြင်း၊

(စ) သုသာန်များ၊ ကြီးမားသောအိမ်သုံးအမှိုက်များစွန့်ပစ်ရန်အတွက်နေရာများ၊ စွန့်ပစ်အမှိုက်များ ကြားခံလွှဲပြောင်းသည့်နေရာနှင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများ တည်ဆောက်ခြင်း၊

(ဆ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစနစ်များ ပြည့်စုံစွာထည့်သွင်းခြင်း။



၅၅။ မြို့နယ်ကော်မတီသည် မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများထံမှ အကြံဉာဏ်များ၊ ကျွမ်းကျင်မှု အကူအညီများနှင့် လိုအပ်သော အထောက်အပံ့များ ရရှိရန်အတွက် သင့်လျော်သည့် အစီအမံများကို ပြည်နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်ရမည်၊

(ခ) ယင်းစီမံကိန်း အကြောင်းအရာများကို အများပြည်သူသိရှိစေရန် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာဒေသခံများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် ဂေဟာစနစ်နှင့် လျော်ညီသည့် မြို့ပြဖွံ့ဖြိုးရေးစနစ်ကို ဦးတည်ရမည်။

၅၆။ မြို့နယ်ကော်မတီသည် မြို့ပြစီမံကိန်းဆိုင်ရာ မြေယာမှတ်တမ်းများနှင့်မြေပုံများကို ခေတ်မီနည်းစနစ်များဖြင့် ပြုစုထိန်းသိမ်းထားရှိရမည်။

## အခန်း (၁၁)

## ဘဏ္ဍာရေး

၅၇။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်ဆောင်ရွက်ပြီး မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသောရန်ပုံငွေအတွက် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ အရ ခွင့်ပြုထားသည့်အတိုင်း အစိုးရအဖွဲ့ထံမှအထောက်အပံ့၊ ချေးငွေ ရယူနိုင်သည်။ မိမိ၏ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၅၈။ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည်-

(က) ဥပဒေအရ စည်းကြပ်ကောက်ခံရရှိသည့် အခွန်၊ အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးများ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းမှ ရရှိသည့် ငှားရမ်းခ၊ ဝန်ဆောင်ခ၊ ပစ္စည်းများရောင်းရငွေနှင့်အခြားနည်းလမ်းဖြင့် ရရှိသည့်ငွေများ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းများပေါ်တွင် ပြေးဆွဲနေသောယာဉ်များပေါ်မှ စည်းကြပ်ကောက်ခံရရှိသည့် ဝင်ငွေများ၊



(ဃ) လုပ်ငန်းလိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်ပေးသည့်အခ၊ မှတ်ပုံတင်ခနှင့် လုပ်ငန်းဆိုင်ရာ အခွန်အခများ၊

(င) မတည်ပစ္စည်းများရောင်းချရငွေနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည်ရရှိခြင်းများ၊

(စ) အစိုးရအဖွဲ့က ထောက်ပံ့ငွေများ၊

(ဆ) ရန်ပုံငွေမှရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သောလုပ်ငန်းများမှ ရရှိသောဝင်ငွေများနှင့် အကျိုးအမြတ်များ၊

(ဇ) ပြည်တွင်း ပြည်ပမှ လှူဒါန်းထောက်ပံ့ငွေများနှင့် ပစ္စည်းများ၊

(ဈ) အဆောက်အအုံများငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်ငွေများ။

၅၉။ စည်ပင်သာယာရေးအဖွဲ့သည် နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းရေးဆွဲပြီး ဝန်ကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့တင်ပြရမည်။

၆၀။ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ အတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့်အညီသာ သုံးစွဲနိုင်ခွင့်ရှိသည်။

၆၁။ စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်အရ ကော်မတီ၏ သဘောတူညီချက်နှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်းနှင့် အထောက်အပံ့များရယူခြင်းကို ပြုနိုင်သည်။

၆၂။ စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ လုပ်ငန်းကိစ္စတစ်ခုခုအတွက် အများပြည်သူအကျိုးငှာ အမှန်တကယ်သုံးစွဲရန် လိုအပ်သည့်ကိစ္စများတွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရန်ပုံငွေမှသုံးစွဲနိုင်သည်။

၆၃။ (က) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်၍ ဆောင်ရွက်ရမည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများအားလုံးကို ထိုဘဏ်စာရင်းသို့ ပေးသွင်းပြီး အသုံးစရိတ်များကိုလည်း နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုချက်အတိုင်းသုံးစွဲရမည်၊

(ခ) အထူးစီမံကိန်းကြီးများ ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် မိမိရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်စွမ်းမရှိသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေကို တောင်းခံပေးရန်အတွက် အစိုးရအဖွဲ့ထံ တင်ပြခွင့်ရှိသည်။



၆၄။ စည်ပင်သာယာရေးအဖွဲ့များသည်-

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက သတ်မှတ်ထားသော ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်း ညွှန်ကြားချက်နှင့်အညီ ရန်ပုံငွေများကို ပြုစုထိန်းသိမ်းထားရှိရမည်၊

( ခ ) ပုဒ်မခွဲ (က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းဇယားများ၊ ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်စာရင်းများနှင့် စပ်လျဉ်း၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

၆၅။ စည်ပင်သာယာရေးအဖွဲ့များသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုရေးဆွဲထားသည့် ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်စာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီးသည့်အခါ နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၆၆။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားခံစားခွင့်များကို နည်းဥပဒေပြဋ္ဌာန်း၍ ခွင့်ပြုရမည်။ ယင်းကော်မတီဝင်များ၏ရပိုင်ခွင့်ရှိသော ခံစားခွင့်များအနက် ချီးမြှင့်ငွေကို သတ်မှတ်ရာတွင်-

(က) မြို့နယ်ကော်မတီဥက္ကဋ္ဌဖြစ်လျှင် မြို့နယ်အမှုဆောင်အရာရှိ၏ မူရင်းလစာနှုန်းထားအတိုင်း ခံစားခွင့်ရှိသည်၊

( ခ ) မြို့နယ်ကော်မတီဝင်ဖြစ်လျှင် မြို့နယ်အမှုဆောင်အရာရှိရရှိသည့် မူရင်းလစာနှုန်းထား၏ သုံးပုံနှစ်ပုံအောက်မလျော့နည်းစေဘဲ ခံစားခွင့်ရှိသည်။

၆၇။ မြို့နယ်ကော်မတီသည် ဘဏ္ဍာနှစ်အလိုက် အရအသုံးစာရင်းများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်းများပြုရမည်။



## အခန်း (၁၂)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၆၈။ စည်ပင်သာယာရေးအဖွဲ့သည် ဥပဒေနှင့်အညီ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံရမည်-

(က) အဆောက်အအုံနှင့် မြေခွန်၊

( ခ ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

( ဂ ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့်အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

( င ) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၆၉။ စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်-

(က) အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲစည်းကြပ်ရန်၊

( ခ ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှစည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

( ဂ ) အစိုးရက စီမံခန့်ခွဲသော အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

၇၀။ (က) မြို့နယ်ကော်မတီသည်-

(၁) အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့် မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို ဥပဒေနှင့် အညီသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်၊



(၂) အခြားစည်ပင်သာယာရေးဆိုင်ရာ အခွန်အမျိုးအစားနှင့်နှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့်ညှိနှိုင်း ဆောင်ရွက်ပြီး ပြည်နယ် ကော်မတီထံတင်ပြရမည်။

( ခ ) ပြည်နယ်ကော်မတီသည် ပုဒ်မခွဲ (က)အရ တင်ပြလာသည့် အခွန်အမျိုးအစားနှင့်နှုန်းထားများကို အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူ၍ ထုတ်ပြန်ကြေညာရမည်။

၇၁။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၇၂။ မြို့နယ်ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ပြည်နယ်ကော်မတီမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

( ခ )	ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသောအခွန်ကို ပြန်လည်ခုနှိမ်ပေးခြင်း။

၇၃။	မြို့နယ်အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က)	အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

( ခ )	ပုဒ်မခွဲ (က)ပါကိစ္စ ဆောင်ရွက်ရန်အလို့ငှာ တည်ဆဲ ဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။



## အခန်း (၁၃)

## အနေးယာဉ်နှင့်အခြားယာဉ်များ စီမံခန့်ခွဲခြင်း

၇၄။	စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အနေးယာဉ်များ၊ အခြားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က)	အနေးယာဉ်နှင့် အခြားယာဉ်အမျိုးအစား သတ်မှတ်ခြင်း၊ စည်းကမ်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

( ခ )	အနေးယာဉ်နှင့် အခြားယာဉ် လုပ်ငန်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

( ဂ )	အနေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ် ကောက်ခံခြင်း၊

(ဃ)	အနေးယာဉ်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

( င )	အနေးယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

( စ )	အနေးယာဉ်နှင့် အခြားယာဉ်များကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ)	အနေးယာဉ်နှင့် အခြားယာဉ်မောင်းသူများအား စစ်ဆေး ခြင်း၊ ကြီးကြပ်ခြင်း။

၇၅။ လုပ်ငန်းလိုင်စင်ရရှိသူသာ အနေးယာဉ်နှင့် အခြားယာဉ်များ လုပ်ကိုင်ခွင့်ရှိသည်။

၇၆။ ပုဒ်မ ၇၄ ပုဒ်မခွဲ (င)အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ်အား မောင်းနှင်ခွင့်ရှိသည်။

၇၇။ အနေးယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့် မောင်းနှင်သူတို့သည် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။



## အခန်း (၁၄)

## ဈေးများစီမံခန့်ခွဲခြင်း

၇၈။ စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဈေးများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချစေခြင်း၊

(ခ) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲခြင်း၊ ရပ်စဲထားသောဈေးကို ပြန်လည် တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေး၏မူလဧရိယာ အကျယ် အဝန်းကို တိုးချဲ့ခြင်းတို့ကို စစ်ဆေးကြီးကြပ်ခြင်း၊

(ဂ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချ ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) နေ့စဉ်အမှိုက်များကိုစနစ်တကျထုပ်ပိုးစေ၍ သတ်မှတ် သည့်နေရာများ၌ စနစ်တကျစွန့်ပစ်စေခြင်း၊

(င) ဈေးအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော သုံးရေနှင့် မိလ္လာစနစ်များထားရှိပေးခြင်း။

၇၉။ စည်ပင်သာယာဈေးများတွင် အောက်ပါအတိုင်း စီမံဆောင်ရွက်ထားရှိရမည်-

(က) လုံလောက်သောရေနှင့် မီးရရှိရေးအတွက် အရည်အသွေးမီ ရေပိုက်များ၊ ရေစင်များ၊ လျှပ်စစ်မီးများ တပ်ဆင်ခြင်း၊

(ခ) မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်များ၊ ရေငုတ်များ၊ မီးသတ်ပိုက်များထားရှိခြင်း၊

(ဂ) ဈေးနှင့် ဈေးအတွင်းရှိပစ္စည်းများ လုံခြုံမှုရှိစေရန် ခြံစည်းရိုးကာရံခြင်းနှင့် လုံခြုံရေးဝန်ထမ်းထားရှိခြင်း။



## အခန်း (၁၅)

## ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်း

၈၀။ စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများနှင့်စပ်လျဉ်း၍ သန့်ရှင်းသပ်ရပ် စနစ်တကျဖြစ်စေရန် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ယာဉ်ရပ်နားစခန်းဆိုင်ရာ စည်းကမ်းချက်များ ရေးဆွဲခြင်း၊ အခွန်၊ အခများ စည်းကြပ်ကောက်ခံခြင်း၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းများအား စည်းကမ်းများနှင့်အညီ သတ်မှတ်ပေးခြင်း၊

(ဂ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃)တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များ၊ ညအိပ်ရပ်နားမည့်နေရာကိုသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) လမ်းပိတ်ဆို့မှုများ မဖြစ်စေရန်နှင့် ယာဉ်ထိခိုက်မှု အန္တရာယ်ကာကွယ်တားဆီးနိုင်ရန် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များ မဝင်ရလမ်းနှင့် ဝင်ခွင့်ပြုလမ်းများ သတ်မှတ်ပေးခြင်း၊

(င) ကုန်တင်ယာဉ်စခန်းများကို လိုအပ်ပါကစည်းကမ်းများနှင့်အညီ တည်ထောင်ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊

(စ) ခရီးသည်တင်ယာဉ်ရပ်နားစခန်းများကို လိုအပ်ပါက စည်းကမ်းများနှင့်အညီ တည်ထောင် ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊

(ဆ) ခရီးသည်တင်ချ ပြုလုပ်သည့်နေရာ၊ မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။



## **အခန်း (၁၆)**

## **ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း**

၈၁။ စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

( ဇ ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများ အတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

( ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၈၂။ ပြည်နယ်အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

( ခ ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

( ဂ ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

( င ) ကူးတို့လုပ်ငန်း နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေ သတ်မှတ်ပေးခြင်း၊

( စ ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊



(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

( ဇ ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

( ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများ အတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

( ဋ ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၈၃။ မြို့နယ်အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

( ခ ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူသက်သာ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့ လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၈၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၈၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၈၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာ ဆောင်ရွက်ရမည်။

၈၇။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တစ်ခုနှင့်တစ်ခုအကြား ကူးတို့လုပ်ငန်းတည်ရှိရာ ဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်း သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေ များ အချိုးကျခွဲဝေပေးခြင်းများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူဆောင်ရွက်ရမည်။



၈၈။ ပုဒ်မ ၈၃ သို့မဟုတ် ပုဒ်မ ၈၅ သို့မဟုတ် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ကူးတို့လုပ်ငန်းကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၈၉။ (က) ပုဒ်မ ၈၅ သို့မဟုတ် ပုဒ်မ ၈၆ အရ ကူးတို့လုပ်ငန်း ကြီးကြပ်သူကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ် ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ် ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ပုဒ်မ ၈၈ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ဂ) ပုဒ်မ ၈၇ ပါ ကူးတို့နယ်နိမိတ်ဆိုင်ရာအငြင်းပွားမှုနှင့် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျ ခွဲဝေပေးရေးကိစ္စ တို့မှအပ ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၇)

## တိရစ္ဆာန်များသတ်ဖြတ်မှုစီမံခန့်ခွဲခြင်း

၉၀။ စည်ပင်သာယာရေးအဖွဲ့သည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေး အဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသား ရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၉၁။ စည်ပင်သာယာရေးအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွင်း အများပြည်သူစားသုံးရန်မှအပ နိုင်ငံတော်မှတရားဝင်သတ်မှတ်ပေးထား သည့် ဘာသာရေးနေ့နှင့် အထူးသီးခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့် အညီ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၉၂။ စည်ပင်သာယာရေးအဖွဲ့သည် ကျွဲ၊ နွားတိရစ္ဆာန်များ သတ်ဖြတ် ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားတိရစ္ဆာန်များ ပြုန်းတီးမှု မရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၉၃။ မြို့နယ်ကော်မတီသည် အများပြည်သူ စားသုံးရန်မှအပ တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသည့်ကိစ္စရပ်များ အတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။



၉၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၉၀ ပါ တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသား ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သောစည်းကမ်း သတ်မှတ်ချက် များကို ထုတ်ပြန်နိုင်သည်။

၉၅။ ပုဒ်မ ၉၀ သို့မဟုတ် ပုဒ်မ ၉၁ အရ ခွင့်ပြုချက်ရရှိသူသည်-

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းပြုနိုင်သည်။

## အခန်း (၁၈)

## ကြီးကြပ်ခြင်း

၉၆။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို ပြည်နယ်ကော်မတီ၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၉၇။ ပြည်နယ်အမှုဆောင်အရာရှိသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့နယ်ကော်မတီများ၏ သဘောထားမှတ်ချက်ဖြင့် ရေးဆွဲတင်ပြလာသော သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်ကော်မတီမှစိစစ်၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြခြင်း၊

( ခ ) နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်ခြင်း၊

( ဂ ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊



(ဃ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်မညီညွတ်သော ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်၊ အမိန့်၊ ညွှန်ကြားချက်များကို စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြခြင်း။

## အခန်း (၁၉)

## တားမြစ်ချက်များ

၉၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်း မပြုရ၊

( ခ ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

( ဂ ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၉၉။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် သတ်မှတ်ထားသည့် နေရာများမှအပ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကျဲအောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းများ မပြုရ၊



( ခ ) ယာဉ်များသွားလာသည့် လမ်းများနှင့် လူသွားစင်္ကြံလမ်းများပေါ်တွင် အမှိုက်အညစ်အကြေးများကို စုပုံခြင်း၊ သွန်ချခြင်း မပြုရ၊

( ဂ ) သတ်မှတ်ပေးထားသော အမှိုက်ကျင်း၊ အမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက်စုပုံရန်နေရာနှင့် အမှိုက်သိမ်းဆည်းသည့်ယာဉ်တို့မှအပ မည်သည့်နေရာတွင်မျှ အမှိုက်စွန့်ပစ်ခြင်း မပြုရ၊

(ဃ) မြေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သည့် မည့်သည့်အရာမျှ မပြုရ၊

( င ) မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်နှင့်ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်း မပြုရ၊

( စ ) မိလ္လာ၊ အညစ်အကြေး၊ ရေဆိုးစသည်တို့ကို သတ်မှတ်ထားသည့်နေရာမှအပ စွန့်ပစ်ခြင်း မပြုရ၊

(ဆ) အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် သန့်စင်ခန်းများတည်ထောင်ခြင်း မပြုရ။

၁၀၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်း မပြုရ၊

(ခ) လမ်းပေါ်တွင်သော် လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်သော် လည်းကောင်း၊ ရေပေးရေးပိုက်ပေါ်တွင်သော် လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျတ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်း မပြုရ၊

(ဂ) လမ်းဧရိယာအတွင်း ခွင့်ပြုချက်မရှိဘဲ လမ်းပြင်ဆင်ခြင်း မပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း မပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ၊



(စ) မြို့တွင်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများ၊ ယာဉ်မောင်းသင် လေ့ကျင့်ရေးစခန်းများ၊ ယာဉ်နှင့်အနေးယာဉ်များ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဆ) သာယာလှပရေးအလို့ငှာ ဆောင်ရွက်ထားသော ပန်းအိုး၊ ပန်းခုံ၊ ပန်းဝိုင်း၊ မြေယာရှုခင်းများ၊ ဆိုင်းဘုတ်များ၊ နှစ်ရှည်ပင်များ၊ ပန်းအလှပင်များအား ဖျက်ဆီးခြင်း၊ ရွှေ့လျားအောင်ပြုလုပ်ခြင်းများ မပြုရ။ မြေလွတ်မြေလပ်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသောသစ်ပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင်စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်လှဲခြင်း မပြုရ၊

(ဇ) နိုင်ငံပိုင် အိမ်ရာဝင်းများတွင်ရှိသော နှစ်ရှည်သီးပင်စားပင်များ၊ အရိပ်ရပင်များ၊ ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်လှဲခြင်း မပြုရ၊

(ဈ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုဆိုင်ရာစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ၊

(ည) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ မြေဖို့ခြင်း၊ စင်္ကြံခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း မပြုရ၊

(ဋ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင်ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရ၊

(ဌ) လမ်းပေါ်နှင့်လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း မပြုရ၊

(ဍ) ဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်း မပြုရ၊

(ဎ) ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ခြင်း၊ မြေပေါ် သို့မဟုတ် မြေအောက် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများ သွယ်တန်းခြင်း မပြုရ။



၁၀၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံ၊ ဝန်းခြံစည်းရိုး ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်စေခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဆက်လက်နေထိုင်စေခြင်း မပြုရ၊

(ဂ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ၊

(ဃ) အဆောက်အအုံများဆောက်လုပ်ရာတွင် ကော်မတီကတာဝန်ပေးအပ်သည့် အင်ဂျင်နီယာ သို့မဟုတ် ကော်မတီကခွင့်ပြုထားသော ဤဥပဒေအရ ရေးဆွဲထားသည့် စည်းကမ်းချက်များနှင့်အညီ တရားဝင်လိုင်စင်ရ အင်ဂျင်နီယာမှအပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်း မပြုရ။

၁၀၂။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည် တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာ အကျယ်အဝန်းကို တိုးချဲ့ခြင်း မပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးတွင် စည်းကမ်း ဖောက်ဖျက်၍ ရောင်းချခြင်း မပြုရ၊

(ဃ) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်နှင့် ကုန်သိုလှောင်ရုံများ လုပ်ကိုင်ခြင်း မပြုရ၊

(င) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်း ပြခန်းများ ကျင်းပပြုလုပ်ခြင်း မပြုရ၊

(စ) ကျွဲ၊ နွား၊ တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း မပြုရ၊



(ဆ) လမ်းဘေးဈေးဆိုင်များ၊ ရွေ့လျား ဈေးဆိုင်များနှင့် ဆိုင်များ ဖွင့်လှစ်ခြင်းမပြုရ၊

(ဇ) ယာယီဈေးများ၊ ကျူးကျော်ဈေးများ၊ ပုံကျဈေးများ ရောင်းချခြင်း မပြုရ၊

(ဈ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ည) အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၁၀၃။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဘော်ဒါဆောင်၊ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်သင်တန်းကျောင်း တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) စားသောက်ကုန်လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ဂ) ရေခဲနှင့် အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ဃ) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(င) စားသောက်ဆိုင်နှင့် အဖျော်ယမကာဆိုင်များ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၁၀၄။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၁၀၅။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ကူးတို့လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အငှားယာဉ်နှင့် အခြားယာဉ်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ဂ) အငှားယာဉ်မောင်းနှင်ခြင်း မပြုရ။



၁၀၆။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့် အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်း မပြုရ၊

(ဂ) အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် လမ်းများပေါ်တွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်စသည့်တိရစ္ဆာန်များကိုမောင်းနှင်ခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊ ကြိုးချည်ထားခြင်း၊ အပျော်စီးနင်းခြင်း၊ ယင်းတိရစ္ဆာန်အသေကောင်များကို မသင့်မလျော်သယ်ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုရ၊

(ဃ) အများပြည်သူစားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်စသည်တို့ကို စီးပွားဖြစ်သတ်ဖြတ်ခြင်း၊ ရောင်းချခြင်း မပြုရ၊

(င) အနံ့ဆိုးများကြောင့် အများပြည်သူလူထု၏ကျန်းမာရေးကို ထိခိုက်စေခြင်း မဖြစ်စေရ။

၁၀၇။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့် ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေ အလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲ ထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၁၀၈။ မည်သူမျှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ကော်မတီဝင်တစ်ဦးဦးသည် သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသည် ကော်မတီနှင့် ပဋိညာဉ်ပြုလုပ်ချုပ်ဆို သော လုပ်ငန်းတွင်သော် လည်းကောင်း၊ ကော်မတီက လွှဲအပ်သည့်လုပ်ငန်းတွင်သော် လည်းကောင်း၊ မိမိ၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက် ခြင်း မရှိစေရ၊



(ခ) ကော်မတီဝင်တစ်ဦးဦးသည် သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသည် တရားဝင်ဖွဲ့စည်းထားသော အစုစပ် ကုမ္ပဏီလုပ်ငန်း၊ အဖွဲ့အစည်းများတွင် အစုရှယ်ယာ ပါဝင်ရုံမျှဖြင့် ယင်းကုမ္ပဏီ၏လုပ်ငန်း၊ အဖွဲ့အစည်း တို့နှင့် ပဋိညာဉ်ချုပ်ဆိုသည့် လွှဲအပ်သောလုပ်ငန်း တွင် အကျိုးသက်ဆိုင်သည်ဟု မှတ်ယူနိုင်မည်မဟုတ် သော်လည်း ယင်းပုဂ္ဂိုလ်သည် မိမိရှယ်ယာပါဝင်ထား သည့်ကိစ္စကို ကော်မတီအား ကြိုတင်အသိပေး ပြောကြားရမည်။ ယင်းသို့ ကြိုတင်အသိပေး ပြောကြားခြင်းမရှိလျှင် ထိုပုဂ္ဂိုလ်သည် ယင်းကုမ္ပဏီ လုပ်ငန်းနှင့် အဖွဲ့အစည်းတွင် ငွေရေးကြေးရေးနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သည်ဟု မှတ်ယူရမည်၊

(ဂ) ယင်းသို့သက်ဆိုင်သည့် ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်း တွင် ရှယ်ယာပါဝင်သူသည် အစိုးရအဖွဲ့၏သဘောတူ ခွင့်ပြုချက်မရရှိလျှင် ကော်မတီနှင့် ထိုကုမ္ပဏီလုပ်ငန်း အဖွဲ့အစည်းတို့ သဘောတူဆောင်ရွက်မည့် မည်သည့် ကိစ္စတွင်မျှ ပါဝင်ခြင်းမရှိစေရ။

၁၀၉။ ကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကော်မတီက တင်ဒါစနစ်၊ လေလံစနစ်၊ အခြားနည်းလမ်းတို့ဖြင့် နှစ်စဉ် လွှဲအပ်ရောင်းချသည့် ကော်မတီပိုင်စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင် ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ လေလံဆွဲဝယ်ခြင်းသော် လည်း ကောင်း၊ ယင်းပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ရယူခြင်း သို့မဟုတ် ထိုသို့ရယူရန် ကြံစည်အားထုတ်ခြင်းသော် လည်းကောင်း မပြုရ။

၁၁၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် စည်းကမ်းချက်များအရ လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်ဝတ္တရား ဆောင်ရွက်ရန် မြေနေရာ သို့မဟုတ် အဆောက်အအုံအတွင်းသို့ ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်း ခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ၊

( ခ ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။



## အခန်း (၂၀)

## အယူခံဝင်ခြင်း

၁၁၁။ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ ပုဒ်မ ၄၄ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၄၅ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (က)၊ ပုဒ်မ ၇၀ ပုဒ်မခွဲ (က)(၁)တို့အရ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်အမှုဆောင်ရာရှိထံ အယူခံဝင်နိုင်သည်။

၁၁၂။ ပုဒ်မ ၁၁၁ အရ ပြည်နယ်အမှုဆောင်ရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၁၁၃။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း အယူခံလျှောက်ထားသူအား တရားစွဲဆိုခြင်း မပြုရ၊

( ခ ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၂၁)

## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၁၁၄။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ရမည်။ ထို့အပြင် နစ်နာမှုအတွက် ရသင့်သည့်တန်ဖိုးကိုလည်း နစ်နာကြေးအဖြစ် သတ်မှတ်ပေးနိုင်သည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၉၈ (က) | စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပေးရေးလုပ်ငန်းမှရေကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲခြင်း၊ |
| ၉၉ (က) | အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် သတ်မှတ်ထားသည့်နေရာများမှအပ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကျဲအောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေး ထွေးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ |
| ၉၉ (င) | မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်နှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်း၊ |



| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၀၀ (က) | အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်း၊ |
| ၁၀၀ (ခ) | လမ်းပေါ်တွင်သော်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်သော်လည်းကောင်း၊ ရေပေးရေးပိုက်ပေါ်တွင်သော် လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျတ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်း၊ |
| ၁၀၀ (ဈ) | လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ခြင်း၊ |
| ၁၀၀ (ဋ) | အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ |
| ၁၀၀ (ဌ) | လမ်းပေါ်နှင့် လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၀၂ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း၊ |
| ၁၀၂ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ရောင်းချခြင်း၊ |
| ၁၀၂ (ဆ) | လမ်းဘေးဈေးဆိုင်များ၊ ရွှေ့လျားဈေးဆိုင်များနှင့်ဆိုင်များ ဖွင့်လှစ်ခြင်း၊ |
| ၁၀၆ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ |
| ၁၀၇ (က) | လူသေအလောင်းကို သတ်မှတ်သည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း။ |



၁၁၅။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ချမှတ်ရမည်။ ထို့အပြင် နစ်နာမှုအတွက် ရသင့်သည့်တန်ဖိုးကိုလည်း နစ်နာကြေးအဖြစ် သတ်မှတ်ပေးနိုင်သည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၉၉ (ခ) | ယာဉ်များသွားလာသည့် လမ်းများနှင့်လူသွားစင်္ကြံလမ်းများပေါ်တွင် အမှိုက်အညစ်အကြေးများကို စုပုံခြင်း၊ သွန်ချခြင်း၊ |
| ၉၉ (ဂ) | သတ်မှတ်ပေးထားသောအမှိုက်ကျင်း၊ အမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက်စုပုံရန်နေရာနှင့် အမှိုက်သိမ်းဆည်းသည့်ယာဉ်တို့မှအပ မည်သည့်နေရာတွင်မျှ အမှိုက်စွန့်ပစ်ခြင်း၊ |
| ၁၀၀ (ဥ) | ဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်း၊ |
| ၁၀၂ (ဃ) | ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်နှင့်ကုန်သိုလှောင်ရုံများ လုပ်ကိုင်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၂ (င) | ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပပြုလုပ်ခြင်း၊ |
| ၁၀၂ (ဇ) | ယာယီဈေးများ၊ ကျူးကျော်ဈေးများ၊ ပုံကျဈေးများ ရောင်းချခြင်း၊ |
| ၁၀၂ (ဈ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၁၀၂ (ည) | အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၁၀၃ (က) | အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဘော်ဒါဆောင်၊ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်သင်တန်းကျောင်း တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ |
| ၁၀၃ (ခ) | စားသောက်ကုန်လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၁၀၃ (ဂ) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း၊ |



| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၃ (ဃ) | အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၁၀၃ (င) | စားသောက်ဆိုင်နှင့် အဖျော်ယမကာဆိုင်များ တည်ထောင်လုပ်ကိုင်ခြင်း။ |

၁၁၆။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀ အထိ ချမှတ်ရမည်။ ထို့အပြင် နစ်နာမှုအတွက် ရသင့်သည့်တန်ဖိုးကိုလည်း နစ်နာကြေးအဖြစ် သတ်မှတ်ပေးနိုင်သည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၉၈ (ခ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၉၈ (ဂ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၉၉ (ဃ) | မြေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သည့် မည့်သည့်အရာမျှ မပြုလုပ်ရ၊ |
| ၉၉ (စ) | မိလ္လာ၊ အညစ်အကြေး၊ ရေဆိုးစသည်တို့ကို သတ်မှတ်ထားသည့်နေရာမှအပ စွန့်ပစ်ခြင်း၊ |
| ၉၉ (ဆ) | အများနှင့်သက်ဆိုင်သော နေရာများတွင် သန့်စင်ခန်းများ တည်ထောင်ခြင်း၊ |



| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၀ (စ) | မြို့တွင်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများ၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်းများ၊ ယာဉ်နှင့်အနေးယာဉ်များ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၁၀၁ (က) | အဆောက်အအုံ၊ ဝန်းခြံစည်းရိုးဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၁၀၁ (ခ) | အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဆက်လက်နေထိုင်စေခြင်း၊ |
| ၁၀၁ (ဂ) | အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၁ (ဃ) | အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကော်မတီကတာဝန်ပေးအပ်သည့် အင်ဂျင်နီယာ သို့မဟုတ် ကော်မတီက ခွင့်ပြုထားသော ဤဥပဒေအရ ရေးဆွဲထားသည့် စည်းကမ်းချက်များနှင့်အညီ တရားဝင်လိုင်စင်ရအင်ဂျင်နီယာမှ အပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်း၊ |
| ၁၀၂ (က) | ကိုယ်ပိုင်စျေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ စျေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ စျေးအဖြစ်မှရပ်စဲထားပြီးသောစျေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် စျေး၏မူလ ဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်း၊ |
| ၁၀၂ (စ) | ကျွဲ၊ နွား၊ တိရစ္ဆာန်ပွဲစျေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း။ |



| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၆ (ဂ) | အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် လမ်းများပေါ်တွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲစသည့် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊ ကြိုးချည်ထားခြင်း၊ အပျော်စီးနင်းခြင်း၊ ယင်း တိရစ္ဆာန်အသေကောင်များကို မသင့်မလျော် သယ်ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း။ |

၁၁၇။ မြို့နယ်အမှုဆောင်အရာရှိသည်-

(က) ပုဒ်မ ၁၁၄၊ ၁၁၅၊ ၁၁၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုမီ ဖောက်ဖျက်ကျူးလွန်သူအား ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် အကြောင်းကြားစာ ပေးပို့တားမြစ်ရမည်။ ယင်းသို့ သတိပေးတားမြစ်မှုအား လိုက်နာရန်ပျက်ကွက်ပါက ပုဒ်မ ၁၁၄၊ ၁၁၅၊ ၁၁၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်ရမည်။

( ခ ) မည်သူမဆို ပုဒ်မ ၁၁၄၊ ၁၁၅၊ ၁၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ယင်းပုဒ်မများတွင် ပြဋ္ဌာန်းထားသည့် အမြင့်ဆုံးဒဏ်ကြေးငွေကို ချမှတ်ရမည်၊

( ဂ ) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် ပြစ်မှုနှင့်သက်ဆိုင်သော သိမ်းဆည်းရရှိသည့်ပစ္စည်းများကို စည်ပင်သာယာရေးအဖွဲ့ပိုင်ပစ္စည်းအဖြစ် သိမ်းယူနိုင်သည်။



## အခန်း (၂၂)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၁၈။ မည်သူမဆို ပုဒ်မ ၁၀၀ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (ဆ)၊ (ဇ)၊ (ည)၊ (ဃ)၊ ပုဒ်မ ၁၀၁၊ ၁၀၂ ပုဒ်မခွဲ (က)၊ (စ)၊ ပုဒ်မ ၁၀၄၊ ၁၀၅၊ ၁၀၆ ပုဒ်မခွဲ (ခ)၊ (ဃ)၊ (င)၊ ပုဒ်မ ၁၀၇ ပုဒ်မခွဲ (ခ)၊ (ဂ)၊ ပုဒ်မ ၁၀၈၊ ၁၀၉၊ ၁၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၁၉။ မည်သူမဆိုပုဒ်မ ၁၁၇ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်လထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၂၀။ မည်သူမဆို ပုဒ်မ ၁၁၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံးကျပ် ၅၀၀၀၀၀ မှ အများဆုံးကျပ် ၂၀၀၀၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည့်အပြင် သုံးနှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးကိုလည်း ချမှတ်နိုင်သည်။

၁၂၁။ ပုဒ်မ ၁၁၈ အရ အရေးယူဆောင်ရွက်သည့်အခါ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၂၃)

## အထွေထွေ

၁၂၂။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းတို့ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၁၂၃။ ကော်မတီသည် အများပြည်သူနှင့်သက်ဆိုင်သော နေရာများ စီမံဆောင်ရွက်ရာတွင်ဖြစ်စေ၊ စီမံဆောင်ရွက်စေရာတွင်ဖြစ်စေ အမျိုးသား၊ အမျိုးသမီး၊ မသန်စွမ်း၊ လူမျိုးဘာသာမရွေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအသုံးပြုနိုင်ရန်အတွက် ကြိုးကြပ်ရမည်။

၁၂၄။ မည်သူမဆို-

(က) ဤဥပဒေအရခန့်အပ်သော ဝန်ထမ်းတစ်ဦးဦး၏တာဝန်ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ မိမိနစ်နာမှုအပေါ် တိုင်ကြားလိုလျှင် သက်ဆိုင်ရာမြို့နယ်ကော်မတီထံ တိုင်ကြားနိုင်သည်၊

( ခ ) ကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ကော်မတီတစ်ရပ်လုံးအားစွပ်စွဲပြစ်တင်လိုလျှင် ဥပဒေနှင့်အညီ အစိုးရအဖွဲ့ထံ တိုင်ကြားနိုင်သည်။



၁၂၅။ ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဒဏ်ကြေးငွေများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငွေစာရင်းသို့ ပေးသွင်းရမည်။

၁၂၆။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် လုပ်ငန်းများနှင့်ဆက်နွယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်အကောက် အချိုးအစားကို မြို့နယ်ကော်မတီများသို့ ခွဲဝေပေးစေရေးအတွက် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၂၇။ ကော်မတီသည် ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင်ရန်ပုံငွေကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

၁၂၈။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ကြေညာခဲ့ပြီးသော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၁၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ ) ဝန်ကြီးဌာနသည် လိုအပ်ပါက စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

( ဂ ) ကော်မတီသည် လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၃၀။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ(၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈။)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဘောခ့်စ်ကို

ခေတ္တဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့